လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
Ministry of Social Welfare, Relief and Resettlement
Office No. (23), Nay Pyi Taw

Monthly Newsletter သတင်းလွှာ September 2025

# မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် ထောက်ပံ့ကြေးပေးအပ်ပွဲ အခမ်းအနားကျင်းပ




**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်** **မန္တလေးတိုင်း**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များအား လူမှုရေးပင်စင်ထောက်ပံ့ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအားထောက်ပံ့ငွေပေးအပ်ခြင်းနှင့် တိုက်ပွဲရှောင်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရံပုံငွေမှထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို (၂-၉-၂၀၂၅) ရက်တွင် မန္တလေးမြို့၊ မြို့တော်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ မန္တလေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက မိမိတို့ဝန်ကြီးဌာနအနေဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ သက်ကြီးပုဂ္ဂိုလ်များအား လေးစားတန်ဖိုးထားသောအားဖြင့် ၎င်းတို့အတွက် အထောက်အပံ့ဖြစ်စေနိုင်ရေးအတွက် နိုင်ငံတော်အစိုးရမှ လူမှုကာကွယ်စောင့်ရှောက်ရေးအစီအစဉ်အဖြစ် အသက် ၈၅ နှစ်နှင့် အထက် သက်ကြီးပုဂ္ဂိုလ်များအတွက် လူမှုရေးပင်စင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ထို့အပြင် လူမှုရေးအကူအညီ လိုအပ်နေသူများအတွက် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ အင်အားကိုရယူပြီး နှစ်စဉ်ဘဏ္ဍာနှစ်အလိုက် လုပ်ငန်းစဉ်များချမှတ်ကာ စနစ်တကျဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများတွင် ရပ်ရွာအတွင်းလူမှုရေး လိုအပ်ချက်များအပေါ်

မှုတည်ပြီး စေတနာကိုအရင်းခံ၍ တည်ထောင်ဖွင့်လှစ်ပါဝင်ဆောင်ရွက် နေကြသော ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများ၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများ၊ အမျိုးသမီးဂေဟာများ၊ မသန်စွမ်းဂေဟာများနှင့် ဘိုးဘွားရိပ်သာများကို နိုင်ငံတော်အနေဖြင့် တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ခြင်းဖြစ်ပါကြောင်း၊ ဂေဟာ/ ရိပ်သာများအနေဖြင့် ဘဏ္ဍာရေးစည်းမျဉ်းများ၊စံလုပ်ငန်းလမ်းညွှန်များနှင့်အညီ ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရှိအသက် ၈၅ နှစ်နှင့်အထက် လူမှုရေးပင်စင်အကျိုး ခံစားခွင့်ရှိသူ သက်ကြီးပုဂ္ဂိုလ် ၁၈,၆၉၉ ဦး အတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေ ကျပ် ၁၁၀၀.၀၇၀ သန်းနှင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်း ဂေဟာ/ ရိပ်သာ စုစုပေါင်း ၂၈ ခုနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း ၄၇ ကျောင်း အတွက် ထောက်ပံ့ကြေးကျပ် ၂၈၇.၀၉၃ သန်း၊ တိုင်းဒေသကြီးအတွင်းရှိ တိုက်ပွဲရှောင်ပြည်သူဦးရေ ၄၇၈၅၁ ဦး အတွက် အမျိုးသားသဘာဝဘေး အန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရံပုံငွေမှ ဧပြီလ၊ မေလနှင့် ဇွန်လ အတွက် ထောက်ပံ့ငွေကျပ် ၂၈၇၁.၀၆ သန်း စုစုပေါင်း ငွေကျပ် ၄၂၅၈.၂၂၃ သန်းကို မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးနှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့သည် ကမ္ဘောဇ ဖောင်ဒေးရှင်းက KBZ Center ၌ ပြည်သူများအား အခမဲ့ကျန်းမာရေးစောင့်ရှောက်ပေးနေမှု လုပ်ငန်းများကို လိုက်လံကြည့်ရှုခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်




**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်** **နေပြည်တော်**

Gender/ CEDAW/ NSPAW/ AGMSF/ WPS အသိပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို(၃-၉-၂၀၂၅) ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် သင်တန်းသည်အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ဖြစ်ပြီး အမျိုးသမီးများသည် နိုင်ငံ၏လူဦးရေ ထက်ဝက်ကျော် ရှိသဖြင့် အရေးကြီးပါကြောင်း၊ ကမ္ဘာတစ်ဝှမ်းလုံး၌ ဆောင်ရွက်နေကြသည့် ကျား - မ တန်းတူညီမျှ ရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ WPS လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် သက်ဆိုင်ရာဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုများတွင် ကျား-မ ရေးရာကို ထည့်သွင်းစဉ်းစားဆောင်ရွက်လာစေရန်နှင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏ အခွင့်အရေးများကို ချိတ်ဆက်မှုအားကောင်းစွာဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နိုင်ငံတော်အဆင့်မဟာဗျူဟာစီမံကိန်း (၂၀၂၃-၂၀၃၂) ရေးဆွဲရာတွင် ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ကိုယ်စားလှယ်များက အဖွဲ့ဝင်အဖြစ် သက်ဆိုင်ရာလုပ်ငန်းကော်မတီအလိုက် ပါဝင်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်

ရှိပါကြောင်း၊ ကျား - မ ရေးရာဆိုင်ရာ အချက်အလက်များ ကောက်ယူရန် ကျား-မရေးရာ တာဝန်ခံ (Gender Focal Point) များအဖြစ်လည်း ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသမီးများအားလုံး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးစသည့် ဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ကဏ္ဍအလိုက် သက်ဆိုင်သည့် အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရန်နှင့် ရပ်ရွာအဆင့်မှ နိုင်ငံအဆင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များတွင် ပိုမိုပါဝင် ဆောင်ရွက်နိုင်စေရန်အတွက် ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်ပေးသွားရမှာဖြစ်ပါကြောင်း၊ သင်တန်းသားများ အနေဖြင့်လည်း လေ့လာရသမျှ ဗဟုသုတများကို ထပ်ဆင့်မျှဝေပေးခြင်း၊ မိမိတို့၏ လုပ်ငန်းများတွင် ကျား-မရေးရာအား ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းတို့ဖြင့် အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန်နှင့်သင်တန်းတွင်တက်တက်ကြွကြွ ပါဝင်ဆွေးနွေး သွားကြစေလိုပါကြောင်း၊သင်တန်းမှရရှိမည့် ဗဟုသုတ၊ အသိပညာများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချ သွားကြစေလိုပါကြောင်း တိုက်တွန်းပြောကြားခဲ့ပါသည်။

## လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲကျင်းပ




**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်** **နေပြည်တော်**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေး အန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို (၅-၉-၂၀၂၅) ရက်တွင် လျှပ်စစ် စွမ်းအားဝန်ကြီးဌာန၊ ရဲရွာခန်းမ၌ ကျင်းပခဲ့ရာအခမ်းအနားတွင်လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက ယနေ့ကမ္ဘာ့နိုင်ငံများတွင် ဘေးအန္တရာယ်ဖြစ်ပွားမှုများသည် ပိုမိုပြင်းထန်လာပြီး လျှပ်စစ်၊ စွမ်းအင်ကဏ္ဍထိခိုက် ပျက်စီးမှုများ ကြုံတွေ့နေရပါကြောင်း၊ဘေးအန္တရာယ်များကြောင့်လည်းစွမ်းအင်နှင့် လျှပ်စစ် အသုံးပြုမှုစနစ် ပျက်စီးခြင်း၊ ဓာတ်ငွေ့ပိုက်လိုင်း ပျက်စီးပေါက်ကွဲခြင်း၊ မီးလောင်ခြင်းများနှင့် ဈျူကလီးယားမတော်တဆမှုများကဲ့သို့ ဘေးအန္တရာယ်များလည်း ထပ်ဆင့်ဖြစ်ပေါ်စေနိုင်ပါကြောင်း၊မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ်၊ ဆိုင်ကလုန်းမုန်တိုင်းမိုခါ တိုက်ခတ်မှုကြောင့်လည်းကောင်း လျှပ်စစ်ကဏ္ဍ၌ ငွေကျပ်သန်းပေါင်း ၃,၆၀၀ ကျော်နှင့် ၂၀၂၄ ခုနှစ်၊ တိုင်ဖွန်းမုန်တိုင်းရာဂီနှင့် ဆက်စပ်ရေကြီး ရေလျှံမှုများကြောင့် ငွေကျပ်သန်းပေါင်း၂၂,၀၀၀ကျော်ဆုံးရှုံးခဲ့ပါကြောင်း၊ရာဂီမုန်တိုင်းကြောင့် ပျက်စီးခဲ့သည့် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ ပြုပြင်ခြင်းနှင့် Rotor Pole များ ပြုပြင်ခြင်းတို့အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၄၀,၀၀၀ ကျော် ကျခံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ လတ်တလောကြုံတွေ့ခဲ့ရသည့် မန္တလေးငလျင်ကြီးကြောင့် လျှပ်စစ်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း (၁၅၃,၀၀၀) ကျော် ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး စွမ်းအင်ကဏ္ဍတွင် ငွေကျပ်သန်းပေါင်း ၃၄၀ ကျော် ဆုံးရှုံးခဲ့ပါကြောင်း၊ လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ဘေးဒဏ် ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရန် လိုအပ်သကဲ့သို့ စွမ်းအင်ထုတ်လုပ်

သို့လောင်မှုနည်းစနစ်များ၊လျှပ်စစ်ဓာတ်အားထုတ်လွှတ်၊ ဖြန့်ဖြူးမှုများတွင်လည်း ခေတ်မီ နည်းပညာများနှင့် ဆောင်ရွက်ထားနိုင်မှသာ ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျှော့ချနိုင်မည် ဖြစ်ပါကြောင်း၊ ဘေးအန္တရာယ်ဖြစ်ပွားမှုကို မလျှော့ချနိုင်သော်လည်း ဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာနိုင်သော ထိခိုက်ဆုံးရှုံးနိုင်ခြေများအတွက် လိုအပ်သော ကြိုတင်ပြင်ဆင်မှုများကို ကဏ္ဍတိုင်းတွင် ထည့်သွင်းဆောင်ရွက်ရန် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အမှာစကား ပြောကြားရာတွင် ရာသီဥတု ပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံအတွင်း ဘေးအန္တရာယ်များ ကြုံတွေ့လာပါက ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန နှင့် စွမ်းအင်ဝန်ကြီးဌာနတို့ အနေဖြင့် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို တိုင်းဒေသကြီး/ ပြည်နယ်/ ခရိုင်/ မြို့နယ်များအလိုက် စီမံဆောင်ရွက်ထားရှိပါကြောင်း၊ မကြာသေးမီကဖြစ်ပွားခဲ့သော မန္တလေးငလျင်ကြီးကြောင့် လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍများတွင် ထိခိုက်ပျက်စီးမှုများခဲ့သဖြင့်လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပေါ်ခဲ့ရာ လျှပ်စစ်ဓာတ်အား အမြန်ဆုံးပြန်လည်ရရှိရေးအတွက် ဆောင်ရွက်ပေး နိုင်ခဲ့ပါကြောင်း၊ ယနေ့ကျင်းပသည့် လျှပ်စစ်၊ စွမ်းအင်ကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံ ခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲတွင် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်ရန် စီမံထားရှိမှုများ၊ ဆောင်ရွက်သင့်သည်များကို ဝိုင်းဝန်းဆွေးနွေးကြစေလိုပါကြောင်း၊ ယခုဆွေးနွေးပွဲရလဒ်များကို အသုံးချပြီး နောင်တွင် ကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများလျှော့ချနိုင်ရေး ဆောင်ရွက်သွားရန် ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။

စကားဝိုင်း ဒုတိယပိုင်းအစီအစဉ်ကို ဆက်လက်ကျင်းပရာတွင် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ စွမ်းအင်ဝန်ကြီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနတို့မှ ဘာသာရပ်ဆိုင်ရာ ပညာရှင်များက ကဏ္ဍအလိုက်ပါဝင်ဆွေးနွေးခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံ




**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား (၉-၉-၂၀၂၅) ရက်နေ့တွင် အဆိုပါဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံ

ခဲ့ရာ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးတာဝန် မကြာမီကာလအတွင်း ပြီးစီးတော့မည်ဖြစ်ပါသဖြင့် မြန်မာနိုင်ငံသို့ ဦးစားပေးခရီးလာရောက်ခဲ့မှု၊ ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ် ရေးထိုးနိုင်ရေးနှင့် စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုများ၊ UNHCR မှ ဘေးဒဏ်သင့်သူများသို့ လူသားချင်း စာနာမှုအကူအညီပေးအပ်ခဲ့မှု အခြေအနေများ၊ ရခိုင်ပြည်နယ်ရှိ နေရပ်စွန့်ခွာသူများနှင့် ပတ်သက်သော ကိစ္စရပ်များနှင့် ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများအကြား ဆက်လက်ပူးပေါင်းဆောင်ရွက် သွားရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပါသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဘာသာရပ်ဆိုင်ရာအရာထမ်းများ၊ UNHCR ၏အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာဗျူရိုရုံးမှညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့် UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Ms. Noriko Takagi တို့ ပါဝင်တက်ရောက်ခဲ့ကြပါသည်။

## သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုစကားဝိုင်းဆွေးနွေးပွဲကျင်းပ



**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၀ ရက်** **နေပြည်တော်**

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်း အနားကို(၁၀-၉-၂၀၂၅) ရက်တွင်သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက နှစ်စဉ် အောက်တိုဘာလ ၁၃ ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ် အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အကြိုအသိပညာပေးလှုပ်ရှားမှုအဖြစ် သစ်တော၊ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ခြင်း ဖြစ်ပါကြောင်း၊ သစ်တောပြုန်းတီးခြင်းနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှု အားနည်းခြင်းကြောင့် ရာသီဥတုပြောင်းလဲမှုကို ဖြစ်စေပါကြောင်း၊ ရာသီဥတုပြောင်းလဲမှုကြောင့် ဘေးအန္တရာယ်များ ပိုမိုကြုံတွေ့နေရပြီး သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ယိုယွင်းပျက်စီးစေမှုများ ဖြစ်ပေါ်နေရပါကြောင်း၊ ယခင်က ဘေးအန္တရာယ် လျှော့ချရေးကိုသာ အလေးထားဆောင်ရွက်လျက်ရှိရာမှ မျက်မှောက်

ကာလတွင် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးကို ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြို့ပြဖွံ့ဖြိုးတိုးတက်မှု၊ စက်မှုထွန်းကားလာမှု၊ ဖန်လုံအိမ်ဓာတ်ငွေ့များပြားလာမှု၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှုများပြားလာမှု၊ကမ္ဘာကြီးပူနွေးလာမှုတို့ကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးမှုကို ဖြစ်စေပါကြောင်း၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်သစ်ပင်သစ်တောများထိန်းသိမ်းခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း လုပ်ငန်းများသည် ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးတွင် အဓိကကျသည့် အခန်းကဏ္ဍဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ်၌ နာဂစ်ဆိုင်ကလုန်း မုန်တိုင်းတိုက်ခတ်ခြင်း၊ ၂၀၁၅ ခုနှစ်၌ ရေကြီးရေလျှံခြင်း၊ ၂၀၂၃ ခုနှစ်၌ မိုခါဆိုင်ကလုန်း မုန်တိုင်း တိုက်ခတ်ခြင်း၊ ၂၀၂၄ ခုနှစ်၌ ရာဂီတိုင်ဖွန်းမုန်တိုင်းနှင့် ဆက်စပ် ဖြစ်ပွားသော ရေကြီးရေလျှံခြင်း အစရှိသော ဘေးအန္တရာယ်များကြုံတွေ့ခဲ့ပြီး သဘာဝပတ်ဝန်းကျင်ကိုထိခိုက်ပျက်စီးစေခဲ့ပါကြောင်း၊သစ်တောပြုန်းတီးမှုကြောင့် မြေပြိုခြင်း၊ ရေကြီးခြင်းတို့ကဲ့သို့ ဘေးအန္တရာယ်များဖြစ်ပေါ်စေပြီး ထိခိုက်ပျက်စီးမှုကြီးမားစေပါကြောင်း၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကိုလည်း အတည်ပြုပြဋ္ဌာန်းထားပြီး ဖြစ်သောဥပဒေ၊ နည်းဥပဒေ၊ တည်မြဲအမိန့်၊ လုပ်ငန်းစီမံချက်များနှင့်အညီ လိုက်နာဆောင်ရွက်လျက် ရှိပါကြောင်း၊ ဘေးအန္တရာယ်သည် လူသားတိုင်းနှင့် သက်ဆိုင်လျက်ရှိပြီး ဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးသည်လည်း အရေးကြီးသဖြင့် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သစ်တောပြုန်းတီးမှုလျှော့ချခြင်းနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းတို့တွင် တစ်ထောင့်တစ်နေရာမှပါဝင် ကြစေလိုပါကြောင်း၊ ဆက်လက်ကြိုးစားကြစေလိုပါကြောင်းနှင့် အသိပညာ၊ ဗဟုသုတများကို မိတ်ဆွေသူငယ်ချင်းများ၊ မိဘများနှင့် မိမိပတ်ဝန်းကျင်ကို မျှဝေကြစေလိုပါကြောင်း ပြောကြားခဲ့သည်။

## မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း (၁၀) နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ် သင်းလုံးကျွတ် အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတက်ရောက်





**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်** **ရန်ကုန်တိုင်း**

မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း (၁၀)နှစ်ပြည့် ဂုဏ်ပြုအခမ်းအနားနှင့် တတိယအကြိမ်သင်းလုံးကျွတ်အစည်းအဝေးကို ရန်ကုန်မြို့၊ Sedona Hotel ၌ (၁၄-၉-၂၀၂၅) ရက်တွင် ကျင်းပပြုလုပ်ခဲ့ရာ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တတ်ရောက်ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ်သည် မြန်မာ-တရုတ်နှစ်နိုင်ငံ အိမ်နီးချင်း ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေး လှုပ်ရှားဆောင်ရွက်မှုများကို ကဏ္ဍပေါင်းစုံမှ ကြိုးစားဆောင်ရွက်နေသည့် “မြန်မာ-တရုတ်ပူးပေါင်းဆက်ဆံရေးအသင်း” ရဲ့ (၁၀)နှစ်ပြည့် မြောက်ခဲ့သည့်နှစ်ဖြစ်သကဲ့သို့ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်နိုင်ခဲ့သည့် (၇၅)နှစ် ပြည့်မြောက်သည့် နှစ်လည်းဖြစ်ပါ

ကြောင်း၊ သံတမန်ဆက်ဆံရေးကာလအတွင်းမှာလည်း မြန်မာ-တရုတ် နှစ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို လက်တွေ့ကျင့်သုံးခဲ့ကြပါကြောင်း၊ နှစ်နိုင်ငံ အပြန်အလှန်ဆက်ဆံရေးကို ဆောင်ရွက်ရာမှာ အစိုးရအချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများအပြင် ပြည်သူချင်းဆက်သွယ်ပူးပေါင်းဆောင်ရွက်တဲ့ အခန်းကဏ္ဍမှာ People to People နှစ်နိုင်ငံ ချစ်ကြည်ရေးဆိုင်ရာ အသင်းအဖွဲ့များရဲ့ ဆောင်ရွက်မှုတွေဟာ အလွန်အရေးပါသည့် နေရာတွင်ရှိပါကြောင်း၊ မကြာခင်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးရဲ့ သဘာဝဘေးအန္တရာယ်ကို ဆိုးဝါးစွာကြုံတွေ့နေရချိန်မှာ မြန်မာ-တရုတ် ပူးပေါင်းဆက်ဆံရေးအသင်း၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ ငလျင်ပြန်လည်ထူထောင်ရေးအတွက် လှူဒါန်းမှုများကိုအားတက်သရော လုပ်ဆောင် ခဲ့ကြတာတွေ့ရှိရပါကြောင်း၊ နှစ်နိုင်ငံ ဆက်ဆံရေးအောင်မြင်မှုများကို တင်ပြရလျှင် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် မကြာသေးခင်က တရုတ်နိုင်ငံသို့ အလုပ်သဘော သွားရောက်ခဲ့ပါကြောင်း၊ အဆိုပါခရီးစဉ်မှ နှစ်နိုင်ငံချစ်ကြည်ရေးအရ ဖွံ့ဖြိုးတိုးတက်မှု အနာဂတ်အလားအလာများစွာ ချမှတ်နိုင်ခဲ့ခြင်းကြောင့် အောင်မြင်သည့်ခရီးစဉ်ဖြစ်ပြီး နှစ်နိုင်ငံ ဆက်ဆံရေးရဲ့ သမိုင်းစာမျက်နှာသစ် တစ်ခုကိုရေးထိုးနိုင်ခဲ့ပါကြောင်း၊ ယနေ့ အခမ်းအနားမှာ ဆွေမျိုးပေါက်ဖော်မဂ္ဂဇင်းနဲ့ မြဝတီရုပ်မြင်သံကြားတို့ ပူးပေါင်းဆောင်ရွက်မှုကို တရားဝင် အသိအမှတ်ပြု သဘောတူစာချုပ် ချုပ်ဆိုမှာဖြစ်တဲ့ အတွက်အောင်မြင်သည့်အသီးအပွင့်တစ်ခုဖြစ်ပါကြောင်း၊ အနာဂတ်ခရီးစဉ်မှာ "မြန်မာတရုတ်ပူးပေါင်းဆက်ဆံရေး အသင်း" အနေဖြင့် ဆက်လက်အားဖြည့်ကူညီပေးရင်း နှစ်နိုင်ငံအကျိုးကိုနှစ်ပေါင်းများစွာဆက်လက်ဆောင်ရွက်နိုင်ပါစေကြောင်း ပြောကြားခဲ့ပါသည်။

## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း (ဗဟို) က အိမ်သုံးဆိုလာပစ္စည်းအစုံ (၁၅၀) လာရောက်လှူဒါန်း




**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက်** **နေပြည်တော်**

မြန်မာ-တရုတ်ချစ်ကြည်ရေးအသင်း (ဗဟို) က ကျပ်သိန်း (၁၅၀) တန်ဖိုးရှိ အိမ်သုံး ဆိုလာပစ္စည်းအစုံ (၁၅၀) ကို (၁၇-၉-၂၀၂၅) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းခဲ့ရာ မြန်မာ-တရုတ်ချစ်ကြည်ရေး အသင်း (ဗဟို)မှ ဥက္ကဋ္ဌ ဦးတင်ဦးက လာရောက်လှူဒါန်း ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး လှူဒါန်းပစ္စည်းများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ကာ ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည် ပေးအပ်ခဲ့ပါသည်။

# ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန် ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ(၂/၂၀၂၅) အစည်းအဝေးကျင်းပ



**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်** **နေပြည်တော်**

ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသားအဆင့်ကော်မတီ (၂/၂၀၂၅) အစည်းအဝေးကို (၁၈-၉-၂၀၂၅) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီ ဥက္ကဋ္ဌ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ခွင့်ပြုမှုအရ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာ အမျိုးသား အဆင့်ကော်မတီကိုဖွဲ့စည်းပြီး အမျိုးသားအဆင့် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုအစည်းအဝေးသည် လုပ်ငန်းစီမံချက် စတုတ္ထသက်တမ်း၏ ပထမ (၆) လပတ် အကောင်အထည်ဖော် ဆောင်ရွက်ချက်များကိုအမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံးသို့ အစီရင်ခံတင်ပြနိုင်ရေး ရေးသားထားရှိသည့် အစီရင်ခံစာအတည်ပြုနိုင်ရေးအတွက် ဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ အစီရင်ခံစာအတည်ပြုပြီးပါကယင်းအစီရင်ခံစာအပေါ် ကောက်နုတ်ချက်ထုတ်နုတ်ပြီး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ အချက်အလက်များ (အင်္ဂလိပ်) ကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ ခွင့်ပြုချက်နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှတစ်ဆင့် ပဋိပက္ခအတွင်း လိင်ပိုင်းအကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်ရုံးသို့ ပေးပို့သွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကာလ စတုတ္ထသက်တမ်းသည် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည် ဖြစ်သည့်အတွက် စီမံချက်ကာလ ပဉ္စမသက်တမ်းသို့ ထပ်မံတိုးမြှင့်မည်ဆိုပါက ကြိုတင်ပြင်ဆင်နိုင်ရေးအတွက် စီမံချက် ကာလ သက်တမ်းတိုးရေးနှင့်စပ်လျဉ်း၍ ကော်မတီဝင်များ၏ သဘောထား အမြင်များကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ အမျိုးသားအဆင့်လုပ်ငန်းစီမံချက် (၂၀၂၄-၂၀၂၅) အကောင်အထည်ဖော် ဆောင်ရွက်ချက်များအပေါ် ပြန်လည်သုံးသပ်ချက်အရ တွေ့ရှိရသည့် အားသာချက် (၆)ချက်နှင့် စိန်ခေါ်မှု (၂)ချက်အပေါ်တွင်လည်း လိုအပ်သည်များ အကြံပြုပေးကြပါရန် ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ဝန်ကြီးဌာနအသီးသီးက ဒုတိယဝန်ကြီးများနှင့် တက်ရောက်လာသူများက ပထမ (၆)

လပတ်ကာလအတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများ၊ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးဆိုင်ရာအမျိုးသားအဆင့်ကော်မတီအတွင်းရေးမှူး၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အမျိုးသားအဆင့် ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ၏ ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ လုပ်ငန်းကော်မတီ (၁/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်များအပေါ် ဆောင်ရွက်မှုများ၊ ပထမ (၆) လပတ် အစီရင်ခံစာ (မူကြမ်း) အပေါ် အကြံပြုဆွေးနွေးမှုများကို တင်ပြခဲ့ကြပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်** **နေပြည်တော်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အမျိုးသားစီမံကိန်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပခဲ့သည့် ဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို (၂၂-၉-၂၀၂၅) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းခန်းမ၌ ပြုလုပ်ခဲ့ရာဖွင့်ပွဲအခမ်းအနားတွင်ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ စကားဝိုင်းဆွေးနွေးပွဲများကို ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ (၁၃) ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်အကြိုအသိပညာပေး လှုပ်ရှားမှုအနေဖြင့် ကဏ္ဍအလိုက် (၅)ကြိမ် ဆောင်ရွက်ပြီးဖြစ်၍ ယနေ့စကားဝိုင်းသည်ဆဋ္ဌမမြောက်ဖြစ်ကာဆက်သွယ်ရေး၊ သတင်း၊ ပြန်ကြားရေးကဏ္ဍနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု စကားဝိုင်းဖြစ်ပါကြောင်း၊ ဆက်သွယ်ရေး၊ သတင်းနှင့် ပြန်ကြားရေးကဏ္ဍသည် ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းစဉ်၏ ကာလ(၃)ခုတွင် အဓိက အရေးပါသော ကဏ္ဍဖြစ်ပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍတွင် ကားလမ်းများ၊ ရထားလမ်းများ၊ လေယာဉ်ကွင်းများနှင့် ချောင်းကူးမြစ်ကူး တံတားများကိုကွန်ရက်ဖြစ်အောင် တည်ဆောက်ထားခြင်းအားဖြင့် ဘေးအန္တရာယ်များ ကျရောက်ပါက ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီထောက်ပံ့ရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ သာဓကအားဖြင့် မန္တလေးငလျင်ကြီးဖြစ်ပွားပြီးနောက်တယ်လီဖုန်းနှင့်အင်တာနက်ဆက်သွယ်ရေးစနစ်များ ပြတ်တောက်ခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် အရေးပေါ်ဆက်သွယ်မှု ကွန်ရက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ရပါကြောင်း၊ သတင်းအချက်အလက်များ အချိန်မီပေးပို့နိုင်ရေး၊ မှန်ကန်သည့်သတင်းများဖြစ်စေရေးသည် အရေးပါ သကဲ့သို့ သတင်းအမှားများကို သိရှိရှောင်ရှားနိုင်ရေးသည်လည်း လွန်စွာ အရေးကြီးပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်သတိပေးချက်များကို နိုင်ငံပိုင်သတင်းမီဒီယာများ၊ ဆက်သွယ်ရေး ကွန်ရက်များကို အသုံးပြုပြီး ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ၍ ကြိုတင်

ပြင်ဆင်နိုင်ခြင်းဖြင့် ထိခိုက် ဆုံးရှုံးမှုကို လျော့နည်းအောင် ဆောင်ရွက်နိုင်ခဲ့သည့် သာဓကများ ရှိခဲ့ပါကြောင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုအတွက် နိုင်ငံတော်က ကဏ္ဍအလိုက်ဆောင်ရွက် ပေးနေမှုများကို ပြည်သူများ ကျယ်ကျယ် ပြန့်ပြန့်နှင့် မှန်ကန်မြန်ဆန်စွာသိရှိရန် လိုအပ်ပါကြောင်း၊ သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု စာရင်းများ ကောက်ယူခြင်း၊ တိကျမှန်ကန်သော အချက်အလက်များ မြန်ဆန်စွာ ရရှိခြင်းသည် ကူညီကယ်ဆယ်ရေး၊ ထောက်ပံ့ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများအတွက် အဓိကကျပါကြောင်း၊ ယနေ့ စကားဝိုင်းဆွေးနွေးပွဲသည် ဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် စပ်လျဉ်း၍ အကျိုးရှိသော ဆွေးနွေးပွဲတစ်ခုဖြစ်သည့်အတွက် တက်ရောက်လာသူများ အနေဖြင့် လေ့လာမှတ်သား၍ ထပ်ဆင့်မျှဝေ ပေးကြစေလိုပါကြောင်းနှင့် မိမိတို့၏ အတွေ့အကြုံ များကိုလည်း အပြန်အလှန်မျှဝေ ဆွေးနွေးစေလိုပါကြောင်း ပြောကြားခဲ့ပါသည်။

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှေးဦးအရွယ်ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) မွမ်းမံသင်တန်း (ဒုတိယအကြိမ်) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်



**၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၂၉ ရက်** **နေပြည်တော်**

ရှေးဦးအရွယ် ကလေးသူငယ်ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာစစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (ECI) မွမ်းမံသင်တန်း (ဒုတိယအကြိမ်) ဖွင့်ပွဲအခမ်းအနားကို (၂၉-၉-၂၀၂၅) ရက်နေ့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံရှိ ကလေးသူငယ်များအားလုံး အသက်အရွယ်အလိုက် ဖွံ့ဖြိုးတိုးတက်မှုများ ရရှိစေရန်ရည်ရွယ်၍ မြန်မာ့ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒ၊ မဟာဗျူဟာစီမံချက်နှင့် ဥပဒေ၊ နည်းဥပဒေတို့ကို ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါကြောင်း၊ မွေးစကလေးငယ်များနှင့် အသက် ၅ နှစ်အောက် ကလေးသူငယ်များ၏ ဖွံ့ဖြိုးမှုနှင့်စပ်လျဉ်းပြီး တိုးတက်မှုသိသိသာသာနှောင့်နှေးခြင်း၊ မသန်စွမ်းဖြစ်ခြင်းစသည့် တွေ့ရှိချက်များအရ ရှေးဦးအရွယ် ကလေးသူငယ် ဖွံ့ဖြိုးရေးအခြေအနေ တိုင်းတာ စစ်ဆေးမှုနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ (Early Childhood Intervention - ECI) ဝန်ဆောင်မှုများ ရရှိနိုင်စေရန် နည်းပညာဆိုင်ရာ လက်လှမ်းမီနိုင်မှုမှသည် ကျွမ်းကျင်သူများ မွေးထုတ်ရေးအထိ စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါကြောင်း၊ မွေးစမှ အသက် (၅)နှစ်အရွယ်ရှိ ကလေးသူငယ်များအတွက် ဖွံ့ဖြိုးတိုးတက်နိုင်ခြေရှိသည့် အလားအလာများကို အပြည့်အဝရရှိရန်နှင့် မသန်စွမ်းဖြစ်ခြင်းကို လျှော့ချနိုင်စေရန် အရည်အသွေးမြင့်မားသည့် ECI ဝန်ဆောင်မှုများရရှိနိုင်ရေးကို အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မသန်စွမ်းကလေးသူငယ် အဖြစ်မွေးဖွားခြင်းကို လျှော့ချနိုင် စေရေးအတွက် မမွေးဖွားမီနှင့် မွေးဖွားချိန်တွင် စိတ်ချရသည့် ကျန်းမာရေးစောင့် ရှောက်မှုနှင့်အတူ ပြည်သူများအတွက် ECI အသိပညာများရရှိစေရန် တစ်ဖက်တစ်လမ်းက ပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊တိုင်းဒေသကြီး/ပြည်နယ်များမှ သင်တန်းသား/ သူများအနေဖြင့် သင်တန်းမှ ပို့ချပေးသည့် ဘာသာရပ်များကို ကြိုးစား လေ့လာသင်ယူပြီး မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ပြန်လည် အသုံးချခြင်း

ဖြင့် ကလေးသူငယ်၊ မိသားစု၊ နိုင်ငံတော်အတွက် အကျိုးကျေးဇူးများရရှိစေမည်ဖြစ် ပါကြောင်း၊ ယနေ့ခေတ်တွင် နည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးသည် နိုင်ငံတစ်နိုင်ငံတွင် အဓိကအရေးကြီးဆုံး လိုအပ်ချက်တစ်ရပ်ဖြစ်သည့်အတွက် မိမိတို့၏ ကလေးသူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ECI ဝန်ဆောင်မှုများရရှိခြင်းဖြင့်ကလေးသူငယ်များ၏ရေရှည်ဖွံ့ဖြိုး တိုးတက်မှုများနှင့်အတူ မိသားစုဘဝသာယာပျော်ရွှင်စေခြင်းနှင့်လူမှုပတ်ဝန်းကျင်အတွက်ကောင်းကျိုးများရရှိစေခြင်း စသည့်အကျိုးကျေးဇူးများ ဖြစ်ထွန်းစေခြင်းကြောင့် နိုင်ငံအတွက် မရှိမဖြစ်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ရှေ့လုပ်ငန်းစဉ်များမှာ ECI ဆိုင်ရာ အသိပညာပေးများ၊ သင်တန်းများ၊ စစ်ဆေးမှုများ၊ ဝန်ဆောင်မှုများရရှိစေရေးအတွက် နှစ်စဉ်စီမံကိန်းများချမှတ် ဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။

## ကယားပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေးကျင်းပ




ကယားပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီအစည်းအဝေးကို (၁၂-၉-၂၀၂၅) ရက်တွင် လွိုင်ကော်မြို့၊ မူလတန်းကြိုကျောင်း ခန်းမဆောင်၌ ကျင်းပခဲ့ရာ အခမ်းအနားတွင် ကယားပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးအောင်မျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ သက်ကြီးပုဂ္ဂိုလ်များအတွက် ချန်လှပ်မထားဘဲ သက်ကြီးရွယ်အိုများ၏ ဘဝမြှင့်တင်ရန်လိုအပ်သောကျန်းမာရေး၊လူမှုရေးစောင့်ရှောက်မှုများပေးနိုင်ရန်နှင့် ရသင့်ရထိုက်သည့်အခွင့်အရေးများကို ရရှိနိုင်စေရန် ရည်ရွယ်၍ သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေ၊ နည်းဥပဒေကို ပြဋ္ဌာန်းပေးခဲ့ပြီးဖြစ်ကြောင်း၊ သက်ကြီးရွယ်အို ဟူသောစကားရပ်သည် အသက်ကြီးခြင်းနှင့် အရွယ်အိုခြင်းဟူ၍ (၂)ပိုင်းရှိရာ ဆေးသိပ္ပံအလိုအရ အသက်(၆၀)နှစ်အထက်ရှိသူကို သက်ကြီးရွယ်အိုဟု သတ်မှတ်ပြီး ဘောဂဗေဒ ပညာရှင်များကတော့ ဉာဏ်အား၊ ခွန်အားပေးနိုင်စွမ်းမရှိတော့သည့် အသက်ရသူမျိုးကို သက်ကြီးရွယ်အိုလို့ သတ်မှတ်ကြပါကြောင်း၊ ကယားပြည်နယ်အနေဖြင့် သက်ကြီးရွယ်အိုများအတွက် လူမှုရေးပင်စင် ထောက်ပံ့ပေးခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ် လမ်းညွှန်မှုနှင့်အတူအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့်လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက် ခဲ့ကြောင်း၊ မိမိတို့၏ ဘိုးဘွားမိဘများကို စိတ်ထောင်းကိုယ်ကြေ အိုဇာတာကံခေသူများ မဖြစ်စေဘဲ စိတ်ပျိုကိုယ်နုဇာတာကို အံတုနိုင်သူများဖြစ်စေရန် အတတ်နိုင်ဆုံး အားပေးမြှင့်တင်ဖြည့်ဆည်းရေးမှာ မိမိတို့ သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီဝင် ဌာနဆိုင်ရာများ၊ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များအားလုံး ဝိုင်းဝန်းပံ့ပိုးကူညီ စောင့်ရှောက်ပေးကြရန် ပြောကြားခဲ့ပါသည်။



ဆက်လက်၍ ကယားပြည်နယ် သက်ကြီးရွယ်အိုများဆိုင်ရာကော်မတီအတွင်းရေးမှူး၊လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါ်စိန်စိန်မော်က လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကော်မတီ ဥက္ကဋ္ဌ၊ လူမှုရေးရာဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ပါသည်။

# တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေများပေးအပ်



တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများနှင့် ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းများအား ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားကို (၁၇-၉-၂၀၂၅) ရက်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြို့တော်ခန်းမဥ္စကျင်းပခဲ့ရာ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုဘဝသာယာဝပြောရေးအတွက် မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေ များချမှတ်၍ လူမှုကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိပြီး လူမှုရေးလိုအပ်ချက်အပေါ် မူတည်၍ မူလတန်းကြိုကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ လူငယ်နှင့် အမျိုးသမီးသင်တန်းကျောင်းများကို ဖွင့်လှစ်၍ ကလေးသူငယ်များ၊ အမျိုးသမီးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအစရှိသည့် ထိခိုက်လွယ်အုပ်စုများကို အဓိကထား ပြုစု စောင့်ရှောက်ပေးလျက်ရှိကြောင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ၏ လူမှုရေးတာဝန်သိတတ်မှုနှင့် စိတ်ဓာတ်ကို အသိအမှတ်ပြု ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ဂေဟာ/ ရိပ်သာများတွင် စောင့်ရှောက်ထားသူများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်၍ သော်လည်းကောင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီနှစ်စဉ်နှစ်တိုင်းထောက်ပံ့ကြေးများပေးအပ်ရခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနမှ တည်ထောင် ခွင့်ပြုမိန့်ရရှိပြီးသည့် လူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ(၄)ခု၊ အမျိုးသမီးဂေဟာ (၂)ခု၊ ဘိုးဘွား ရိပ်သာ (၃)ခု၊ စေတနာမူလတန်းညကျောင်း (၁) ကျောင်း၊ လူငယ့်ရိပ်သာ (၁) ခု၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း (၆၃) ကျောင်းတို့အတွက် ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်အတွက်ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ ရပ်ရွာလူထုအကျိုးကို ဆောင်ရွက်ပေးသည့် ကုသိုလ်ရပြီး မွန်မြတ်လှသောလုပ်ငန်းဖြစ်သောကြောင့် မိမိတို့ လက်ခံပြုစုစောင့်ရှောက်ထားသူများ၏ ရေရှည်အကျိုး စီးပွားကို ဦးတည်ပြီး စေတနာ၊ မေတ္တာ အရင်းခံပြီး ဆောင်ရွက်ပေးကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။



